# စက်ဘီးစီးရာတွင် အန္တရာယ်ကင်းစေရန်အတွက် စည်းကမ်းငါးချက်

မြန်မာဘာသာစကား
ミャンマー語

## 自転車安全利用五則


စက်ဘီးသည် အလွန်အဆင်ပြေသော စီးနင်းယာဉ်များဖြစ်ပြီး အသက်အရွယ်မရွေး အသုံးပြုကြသော်လည်း စက်ဘီးစီးသူများ၏ စည်းကမ်းဖောက်ဖျက်မှုသည် အဓိကပြဿနာဖြစ်လျက်ရှိသည်။
စက်ဘီးစီးရာတွင် လိုက်နာရမည့် စည်းကမ်းများထဲမှ အထူးအရေးကြီးသော စည်းကမ်းများကို ဖော်ပြထားသည့်အရာသည် "စက်ဘီးစီးရာတွင် အန္တရာယ်ကင်းစေရန်အတွက် စည်းကမ်းငါးချက်" ဖြစ်ပါသည်။


## 1

**ယာဉ်သွားလမ်းတွင် အခြေခံအားဖြင့် ဘယ်ဘက်တွင်စီးနင်းရမည်ဖြစ်ပြီး လူသွားလမ်းသည် ခြွင်းချက်ဖြစ်သည်။ လမ်းသွားလမ်းလာများကို ဦးစားပေးရမည်ဖြစ်သည်**

**車道が原則、左側を通行　歩道は例外、歩行者を優先**

စက်ဘီးသည် ယာဉ်ဖြစ်သည်။ ယာဉ်သွားလမ်း၏ဘယ်ဘက်တွင် စီးနင်းပါ။
"သာမန်စက်ဘီးဖြစ်ပါက လူသွားလမ်းတွင် စီးနင်းလို့ရသည်" ဟု ဆိုင်းဘုတ် သို့မဟုတ် အမှတ်အသားပါရှိသည့် လူသွားလမ်းဖြစ်ပါက ထိုလမ်းတွင် စက်ဘီးစီးနင်းနိုင်သော်လည်း လူသွားလမ်းကိုစီးနင်းရာတွင် ယာဉ်သွားလမ်းဘက်ခြမ်းမှ အရှိန်လျှော့စီးနင်းခြင်း၊ လမ်းသွားလမ်းလာများကို အနှောင့်အယှက်ရှိသလိုဖြစ်ပါက တစ်ချက်ရပ်တန့်ခြင်းကို မဖြစ်မနေပြုလုပ်ရပါမည်။







## 2

**လမ်းဆုံများတွင် မီးပွိုင့်နှင့် တစ်ချက်ရပ်တန့်ခြင်းကို လိုက်နာပြီး အန္တရာယ်ကင်းရှင်းမှုကိုစစ်ဆေးပါ**

**交差点では信号と一時停止を守って、安全確認**

မီးပွိုင့်ကို မဖြစ်မနေလိုက်နာပါ။
တစ်ချက်ရပ်တန့်ရန်ဆိုင်းဘုတ်ရှိသော လမ်းဆုံများတွင် မဖြစ်အနေရပ်တန့်ပြီး အန္တရာယ်ကင်းအောင် စစ်ဆေးပါ။


## 3 ညဘက်မှာ မီးဖွင့်ပါ
**夜間はライトを点灯**

မီးရောင်မရှိခြင်းသည် ပတ်ဝန်းကျင်မှ သင့်စက်ဘီးကိုမြင်ရန် ခက်ခဲစေသော ကြောင့် အလွန်အန္တရာယ်များပါသည်။
ညဘက်တွင် မီးဖွင့်ပြီး ရောင်ပြန်ကိရိယာ တပ်ဆင်ထားသော စက်ဘီးကိုစီးနင်းကြပါစို့။



## 4 အရက်သောက်၍ စက်ဘီးစီးခြင်းကို တားမြစ်ထားသည်
**飲酒運転は禁止**

စက်ဘီးသည် ယာဉ်ဖြစ်သည်။ ကားနှင့်အတူတူဖြစ်ပြီး အရက်သောက်၍ စက်ဘီး စီးနင်းခြင်းကို တားမြစ်ထားသည်။
အရက်နာကျခြင်းအခြေအနေဖြင့် စက်ဘီးစီးနင်းသည်လဲ အရက်သောက် ၍စက်ဘီးစီးနင်းခြင်းဖြစ်သော်ကြောင့် သတိပြုကြပါစို့။



## 5 ဦးထုပ်ဆောင်းပါ
**ヘルメットを着用**

ယာဉ်မတော်တဆဖြစ်တဲ့အခါ ဦးထုပ်ဆောင်းထားခြင်းဖြင့် သင့်ဦးခေါင်း ဒဏ်ရာ ရမှုကို လျှော့ချပေးပါလိမ့်မည်။
စက်ဘီးစီးသောအခါ ကလေး၊ လူကြီးပါ ဦးထုပ်ဆောင်းကြပါစို့။





## ယာဉ်မတော်တဆမှုဖြစ်ရင်...
**交通事故にあってしまったら...**

○ သင်ကိုယ်တိုင်နှင့် အခြားသူများ၏ ဘေးကင်းမှုကို သေချာပါစေ။
○ တစ်စုံတစ်ဦး ထိခိုက်ဒဏ်ရာရပါက 119 နံပါတ် သို့ ဖုန်းခေါ်ဆို၍ လူနာတင်ယာဉ် ကို ခေါ်ပါ။
○ ထိခိုက်ဒဏ်ရာရသူမရှိသော်လည်း၊ 110 နံပါတ် သို့ ဖုန်းခေါ်ဆို၍ ရဲထံ မတော်တဆမှု အသေးစိတ်အချက်အလက်များကိုသတင်းပို့ ပါ။





## စက်ဘီးအာမခံဝင်ထားပါသလား။
**自転車保険に加入していますか？**

မိယဇခိ စီရင်စုစည်းမျဉ်းများအရ စက်ဘီးအာမခံဝင်ရောက်ရန် မဖြစ်မနေ လိုအပ်သည်။
သင်ကိုယ်တိုင်နှင့် အခြားသူများကို ကာကွယ်ရန်အတွက် အာမခံကို ဝင်ထားကြပါစို့။



မိယဇခိ စီရင်စုရဲတပ်ဖွဲ့
宮崎県警察